ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ဒီးမော့ဆိုမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project ( NCDDP)




## ကျေးရွာဖွံ့ ဖြိုးရေးအစီအစဉ် (၂၀၁၇-၂၀၁၈)

## Village Development Plan (VDP)


ဒေါ်ဘူးကူးကျေးရွာအုပ်စု၊ ဒေါ်လျားလီ ကျေးရွာ

မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁။ | ဒီးမော့ဆိုမြို့နယ်မြေပုံ | ၁ | ၁ |
| ၂။ | ကျေးရွာအုပ်စုမြေပုံ | ၂ | ၂ |
| ၃။ | အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်းနှင့်လူဦးရေ | ၃ | ၃ |
| ၄။ | ကျေးရွာမြေပုံ(တည်နေရာ) | ၄ | ၄ |
| ၅။ | ကျေးရွာမြေပုံသုံးသပ်ချက် | ၅ | ၅ |
| ၆။ | ကျေးရွာသမိုင်းကြောင်းအကျဉ်းချုပ် | ၆ | ၇ |
| ၇။ | ကျေးရွာအတွင်းရှိ ဥစ္စာခနေကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၈ | ၈ |
| ၈။ | ကျေးရွားအတွင်းရှိ ဥစ္စာခနေကြွယ်ဝမှုအဆင့်သတ်မှတ်သုံးသပ်ချက် | ၉ | ၉ |
| ၉။ | ကျေးရွာအတွင်းရှိ ကျား/မဆိုင်ရာ ပင့်ကူအိမ်ဖော်ထုတ်ခြင်း | ၁၀ | ၁၀ |
| ၁၀။ | ကျေးရွာအတွင်းရှိ ကျား/မဆိုင်ရာ ပင့်ကူအိမ်ဖော်ထုတ်သုံးသပ်ချက် | ၁၁ | ၁၁ |
| ၁၁။ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုဖော်ထုတ်ခြင်း | ၁၂ | ၁၂ |
| ၁၂။ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုဖော်ထုတ်သုံးသပ်ချက် | ၁၃ | ၁၃ |
| ၁၃။ | ကျေးရွာအတွင်းရှိ ရာသီခွင်ပြဇယားများကိုဖော်ထုတ်ခြင်း | ၁၄ | ၁၄ |
| ၁၄။ | ကျေးရွာအတွင်းရှိ ရာသီခွင်ပြဇယားများကိုဖော်ထုတ်သုံးသပ်ချက် | ၁၅ | ၁၅ |
| ၁၅။ | ကျေးရွာအတွင်းရှိ ကော်မတီဝင်များစာရင်း/ဓါတ်ပုံ | ၁၆ | ၁၇ |
| ၁၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ | ၁၈ | ၂၀ |
| ၁၇။ | ကျေးရွာအချက်အလက်ပုံစံ(၁) | ၂၁ | ၂၃ |
| ၁၈။ | စီမံကိန်းစက်ဝန်း အချိန်ဇယား(ပုံစံ-၂) | ၂၄ | ၂၅ |
| ၁၉။ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃) | ၂၆ | ၂၉ |
| ၂၀။ | ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ခြင်း(ပုံစံ-၄) | ၃၀ | ၃၀ |
| ၂၁။ | ကျေးရွာအစည်းအဝေးမှတ်တမ်းများ | ၃၁ | ၃၂ |
| ၂၂။ | လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | ၃၃ | ၃၄ |


DEMOSO TOWNSHIP MAP
စကေး ၁ လက်မ = ၂ မိုင်
ရှမ်းပြည်နယ်
ရည်ညွှန်းချက်
ဒီးမော့ဆိုမြို့
ကျေးရွာအုပ်စု
ကျေးရွာ
ကားလမ်း
မီးရထားလမ်း

# ဒေါ်ဘူးကူးကျေးရွာအုပ်စုမြေပုံ



# ဒေါဘူးကူးအုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု အရေအတွက် | လူဦးရေ | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | |
| ၁။ | ဒေါဘူးကူး | ၅၅ | ၁၃၅ | ၁၄၉ | ၂၈၄ | |
| ၂။ | ဒေါဘူးခို | ၆၅ | ၁၆၀ | ၁၇၂ | ၃၃၂ | |
| ၃။ | ဒေါလျားလီ | ၄၂ | ၁၁၂ | ၁၀၇ | ၂၁၉ | |
| ၄။ | စည်းလင်း | ၄၉ | ၁၃၇ | ၁၃၃ | ၂၇၀ | |
| ၅။ | ဒေါပေါ်ကလဲ | ၂၇ | ၅၈ | ၇၀ | ၁၂၈ | |
| ၆။ | ဒေါသဲ | ၃၃ | ၈၆ | ၉၆ | ၁၈၂ | |
| ၇။ | ကြာဖူဒေါ | ၆၄ | ၁၆၀ | ၁၅၃ | ၃၁၃ | |
| ၈။ | ဒေါပီတ | ၆၆ | ၁၅၇ | ၁၆၀ | ၃၁၇ | |
| | စုစုပေါင်း | ၄၀၁ | ၁၀၀၅ | ၁၀၄၀ | ၂၀၄၅ | |



၁၂.၁၂.၂၀၁၅
ဆွေးနွေးသူဦးရေ
ကျား(၁၅)၊မ(၂၃)
ဒေါ်လှကြား လှိုင်ကျေးရွာမြေပုံ

## ဒေါဘူးကူးကျေးရွာအုပ်စု၊ ဒေါလျားလီကျေးရွာ

၁၂.၁၂.၂၀၁၆

**ကျေးရွာလူမှုရေးနှင့်သဘာဝအရင်းအမြစ်ပြမြေပုံကို သုံးသပ်ခြင်း။**

ဒေါလျားလီကျေးရွာသည် ဒီးမော့ဆိုမြို့မှ (၇.၄) မိုင်ခန့်ကွာဝေး၍ ဒီးမော့ဆို-မိုးဗြဲကားလမ်းဘေး တစ်ဖက်တစ်ချက်စီတွင် တည်ရှိပါသည်။ အုပ်စုရွာ ဒေါဘူးကူး၏ မြောက်ဖက်တွင် ကပ်လျက်တည်ရှိပြီး အိမ်ခြေ (၄၂) အိမ်၊ လူဦးရေ (၂၁၉) ဦးရှိပါသည်။ ကျေးရွာအတွင်း ရရှိနိုင်သော လူမှုရေးဝန်ဆောင်မှုများမှာ စာသင်ကျောင်း၊ ကျေးရွာခန်းမဆောင်၊ မူကြိုကျောင်း၊ ရေတွင်း၊ တံခွန်တိုင်များ၊ ရွာတွင်းလမ်း/တံတားများ ဖြစ်ပါသည်။ သဘာဝအရင်းအမြစ်များအနေဖြင့် သစ်တောအုပ်၊ ရေနီချောင်း၊ လယ်ယာများရှိပါသည်။

ဒေါလျားလီကျေးရွာသူရွာသားများသည် တောင်သူလယ်သမားများဖြစ်ကြ၍ အဓိကလုပ်ငန်းမှာလည်း လယ်ယာစိုက်ပျိုးရေးဖြစ်သည်။ ကျေးရွာတွင်း လမ်းများမှာ မြေသားလမ်းများဖြစ်၍ မိုးရာသီတွင် ရေစီးမြောင်းမရှိသဖြင့် ဗွက်ထပြီး သွားလာရေးခက်ခဲ့သည်။ သို့ဖြစ်၍ မြေပုံကိုလေ့လာ၍ လုပ်ငန်းဖော်ထုတ်ရေးဆွဲကြရာတွင် ကျေးရွာတွင် ကျောက်ခင်းလမ်းဖြစ်လာရေးကို အများဆုံး ရေးဆွဲထားသည်ကိုတွေ့ရသည်။ ထို့ပြင် လူငယ်ရိပ်သာခန်းမဆောင်တိုးချဲ့ရန်၊ တံခွန်တိုင်မွှာရုံတိုးချဲ့ရန်၊ မူကြိုကျောင်းဆောက်လုပ်ရန်နှင့် ရေတွင်းပြုပြင်ရန်တို့ကိုလည်း မြေပုံတွင် ရေးဆွဲဖော်ထုတ်ကြပါသည်။

ဒေါလျားလီကျေးရွာမြောက်ဖက်တွင် မူကြိုကျောင်းရှိသော်လည်း လက်ရှိစာသင်ကျောင်းတွင် ကျောင်းမူကြိုအဖြစ် ဆောက်လုပ်လိုခြင်းဖြစ်သည်ဟု သိရသည်။ ဒေါလျားလီကျေးရွာမြေပုံကိုလေ့လာသုံးသပ်ရာတွင် ကျေးရွာတွင်းလမ်းများ တိုးချဲ့ပြုပြင်နိုင်ပါက စနစ်ကျသော ကျေးရွာတစ်ရွာဖြစ်လာမည်ဟု သုံးသပ်ရရှိပါသည်။ စီမံကိန်းလုပ်ငန်းခွဲ (၂) နှစ် ဆောင်ရွက်ခွင့်ရရှိသော်လည်း ရန်ပုံငွေနည်းပါးသောကြောင့် ယခင်နှစ်ဆောင်ရွက်ခဲ့သော ကျေးရွာခန်းမဆောင်ကိုသာ ထပ်မံတိုးချဲ့ရန် ဦးစားပေးလုပ်ငန်း သတ်မှတ်ကြခြင်းဖြစ်ပါသည်။

**ပါဝင်ဆွေးနွေးသူ ကျား (၁၅) ဦး၊ မ (၂၇) ဦး**

**ဒေါလျားလီကျေးရွာသမိုင်းအကျဉ်း**

ဒေါလျားလီကျေးရွာသည် စတင်နေထိုင်သည်မှ ယနေ့အထိ နှစ်ပေါင်း (၁၅၀)ကျော်ပြီ ဖြစ်သည်။ စတင်နေထိုင်သူများမှာ ဦးတီရယ်-ဒေါ်ရှေးမို့ ဖြစ်သည်။ တောများ ထူထပ်ပြီး ချုံပုတ်ပိုင်းရုံကာ တောတိရိစ္ဆာန်များကျက်စားပေါများခဲ့သော ရွာတစ်ရွာဖြစ်ပါသည်။ ယခင်က ရွာအရှေ့ဖက်တွင် လှည်းလမ်းသာရှိခဲ့၍ ၁၉၆၇ ခုနှစ်ရောက်သောအခါမှ ကျောက်ခင်းလမ်းဖြစ်လာခဲ့သည်။ ထိုအချိန်က ဒေါလျားလီတွင် အိမ်ခြေ (၁၅)လုံးရှိခဲ့သည်။ ရွာ၏ အနောက်ဖက်မှ စီးလာသော မြေနီချောင်း(ရေနီချောင်း)ကို ကယားဘာသာဖြင့် လျားလီဟု အမည်ပေးခေါ်ဆိုခဲ့သည်။ အဆိုပါမြေနီချောင်းကို အစွဲပြု၍ ရွာကိုဒေါလျားလီဟု ခေါ်တွင်ခဲ့ခြင်းဖြစ်ပါသည်။ ဒေါ - ရွာ၊ လျားလီ-မြေနီချောင်း ဖြစ်သည်။

ရွာ၏ အရှေ့ဖက်တွင် အများသုံးရေတွင်း(၁)တွင်းရှိပြီး ၁၉၈၈ ခုနှစ်တွင် အုတ်ကုန်ပြုလုပ်ခဲ့သည်။ ယခုလက်ရှိတွင် ပြန်လည်ပြုပြင်ရန်လိုအပ်လျက်ရှိသည်။ ၁၉၉၀ ခုနှစ်တွင် စာသင်ကျောင်းကို ရွာလယ်၌ ရွာသူ/ရွာသားများက ဝါးထရံကာ၊ ဖက်မိုးဖြင့် ကိုယ်ထူကိုယ်ထဆောက်လုပ်ခဲ့သည်။ ၁၉၉၈ ခုနှစ်ရောက်သောအခါ ပညာရေးဌာနမှ အုတ်ညှပ်၊ သွပ်မိုး တစ်ထပ်ဆောင် ဆောက်လုပ်ပေးခဲ့သည်။ ယခုအခါ ကျောင်းရုံးခန်းတိုးချဲ့ဆောက်လုပ်ရန် ဆောင်ရွက်ခဲ့သော်လည်း ပြီးစီးမှုမရှိသေးပါ။

၁၉၉၈၊ ၁၉၉၉၊ ၂၀၀၀ ဝန်းကျင်များတွင် မိုးခေါင်ရေရှားပါးမှုဖြစ်ခဲ့၍ လယ်ယာစိုက်ပျိုးမှု မအောင်မြင်မဲ စားဝတ်နေရေးခက်ခဲကြပါသည်။ ၂၀၁၂-၂၀၁၃ ခုနှစ်များတွင် ရေကြီးရေလျှံမှုကြောင့် လယ်ယာစပါးများ ပျက်စီးဆုံးရှုံးပြီး စာဝတ်နေရေးကြပ်တည်းခဲ့ပါသည်။

**ပါဝင်ဆွေးနွေးသူ ကျား (၁၆) ဦး၊ မ (၂၂) ဦး**

**ကျေးရွာအခြေခံအချက်အလက်များ**

- ကျေးရွာသက်တမ်း - နှစ် (၁၅၀)ကျော်

**လူဦးရေ (ကျား/မ)နှင့် အိမ်ခြေ**

ကျား (၁၁၂) ဦး၊ မ (၁၀၇) ဦး၊ အိမ်ခြေ (၄၂) လုံး

**လူမျိုးစုများ၏ လူဦးရေ**

ကယားလူမျိုး - ကျား (၁၁၂) ဦး၊ မ (၁၀၇) ဦး

**ထိခိုက်လွယ်သောအုပ်စုများ လူဦးရေ**

(က) သက်ကြီး - ကျား (၃)၊ မ (၄)

(ခ) မြေယာမဲ့ - မရှိ

(ဂ) မသန်စွမ်း - မ (၁) ဦး

**ကျေးရွာအတွင်း ရရှိနိုင်သော ဝန်ဆောင်မှုများ**

၁။ အခြေခံပညာမူလတန်းကျောင်း

၂။ မူကြိုကျောင်း

၃။ ကျေးရွာခန်းမဆောင်

၄။ ရိုးရာတံခွန်တိုင်

၅။ ရေတွင်း/လမ်းတံတား

**ရွာသူ/သားများ၏ အဓိကစီးပွားရေးလုပ်ငန်းများ**

(က) လယ်ယာစိုက်ပျိုးရေး

(ခ) မွေးမြူရေး

**အဓိကရနိုင်သော အရင်းအမြစ်များ**

၁။ သစ်တောအုပ်

၂။ ရေနီချောင်း

၃။ မြေယာ

**ကျေးရွာနှင့်ဆိုင်သော အခြားအရင်းအမြစ်များ**

၁။ လမ်း/တံတား

ဒေါ်လှပုံးလီကျေးရွာ
ဒေါ်ကူးကူးအုပ်စု

# ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း

ရက်စွဲ - ၁၂.၁၂.၂၀၁၆

| အဆင့် | စံ သတ်မှတ် ချက်များ | အိမ်ထောင်စု | ရာနှုန်း |
|---|---|---|---|
| ချမ်းသာခြင်း<br>A က | တိုက်နှစ်ထပ်အိမ်၊ ကား၊ ထော်လာဂျီ၊ လယ်ခြံ<br>တိုက်နှစ်ထပ်အိမ်၊ ကား၊ ထော်လာဂျီ ပိုင်ဆိုင်ခြင်း<br>လယ်ယာ၊ ခြံမြေ (၃) ဧကအထက်ရှိခြင်း | ၁ | ၃ % |
| အလယ်အလတ်<br>B ခ | ပျဉ်ထောင်အိမ်၊ ဝါဂွတ်ဆိုင်ကယ်၊ စက်ဘီး၊ ဖုန်း၊ TV<br>လယ်ယာ၊ ခြံ (၁) ဧကမှ (၃) ဧကရှိခြင်း | ၁၃ | ၃၀ % |
| ဆင်းရဲ<br>C ဂ | ဝါးထရံအိမ်၊ ဆိုင်ကယ်မရှိ၊ လယ်မရှိ<br>ကလေးများ ပညာရေး ကျောင်းမထားနိုင်<br>စားဝတ်နေထိုင်ရေး မပြေ | ၃၀ | ၆၇ % |
| | စုစုပေါင်း | ၄၄ | ၁၀၀ % |

ပါဝင်ဆွေးနွေးသူဦးရေ
ကျား (၁၅) ဦး
မ (၂၇) ဦး

## ဒေါဘူးကူးကျေးရွာအုပ်စု၊ ဒေါလျားလီကျေးရွာ

၁၂.၁၂.၂၀၁၆

**ဥစ္စာဓနအဆင့်သတ်မှတ်ခြင်းအပေါ်သုံးသပ်ချက်**

ဒေါလျားလီကျေးရွာတွင် အိမ်ထောင်စု (၄၄)စုရှိသည်။ ပထမအကြိမ်ကျေးရွာအစည်းအဝေးတွင် ကျေးရွာသူ/သားများမှ ကျေးရွာတွင်း ဥစ္စာဓနအဆင့်သတ်မှတ်ကြရာတွင် ချမ်းသာခြင်းစံနှုန်းအဖြစ် တိုက်အိမ်(၂)ထပ်၊ ကား၊ ထော်လာဂျီပိုင်ဆိုင်သူများ၊ လယ်ယာခြံမြေ (၃) ဧကအထက်ပိုင်ဆိုင်သူများကို သတ်မှတ်ကြသည်။ အလယ်အလတ်(ပြေလည်သော) အုပ်စု စံနှုန်းအဖြစ်ပျဉ်ထောင်အိမ်ရှိခြင်း၊ ဆိုင်ကယ်၊ စက်ဘီး၊ ဖုန်း၊ TV များ ပိုင်ဆိုင်ခြင်း၊ လယ်ယာခြံမြေ (၁)ဧကမှ (၃)ဧကအတွင်း ပိုင်ဆိုင်သော အိမ်ထောင်စုများကိုသတ်မှတ်သည်။ ဆင်းရဲ(မပြေလည်သော)အုပ်စုအဖြစ် ဝါးထရံအိမ်ဖြစ်ခြင်း၊ လယ်ယာ/ဆိုင်ကယ်မရှိခြင်း၊ စားဝတ်နေရေးခက်ခဲပြီး ကလေးပညာရေးအတွက် ကျောင်းထားရန် ခက်ခဲသော အိမ်ထောင်စုများကို သတ်မှတ်သည်။


ချမ်းသာသော အိမ်ထောင်စုမှာ (၁)စုသာရှိ၍ ရာခိုင်နှုန်းအားဖြင့် (၃%)၊ အလယ်အလတ်အုပ်စုတွင် အိမ်ထောင်စု (၁၃)စု၊ ရာခိုင်နှုန်းအားဖြင့် (၃၀%)၊ ဆင်းရဲအုပ်စုတွင် အိမ်ထောင်စု(၃၀)စု၊ ရာခိုင်နှုန်းအားဖြင့်(၆၇%)ရှိသည်ကိုတွေ့ရသည်။ ထို့ကြောင့် ဒေါလျားလီကျေးရွာတွင် ဆင်းရဲအဆင့်သည် အုပ်စုတွင်းရှိ အခြားကျေးရွာများထက် ပိုမိုများပြားနေသည်ကို တွေ့ရသည်။ အိမ်ထောင်စုအများစုမှာ လယ်ယာမြေပိုင်ဆိုင်မှုနည်းသဖြင့် စာဝတ်နေရေးခက်ခဲကြသည်ဟု သုံးသပ်ရရှိပါသည်။ လူထုဗဟိုပြုစီမံကိန်းအနေဖြင့် ဌာနဆိုင်ရာ၊ အခြား NGO များနှင့် ပူးပေါင်း၍ ဒေါလျားလီကျေးရွာသူရွာသားများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုဖန်တီးပေးရန်နှင့် ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာဗဟုသုတ ဖြန့်ဝေပေးနိုင်ပါက ဆင်းရဲမှုလျော့နည်းလာကာ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဟု သုံးသပ်ရရှိပါသည်။

**ပါဝင်ဆွေးနွေးသူ ကျား (၁၅) ဦး၊ မ (၂၇) ဦး**

ဒေါ်လျှားလီကျေးရွာ
ဒေါ်ဘူးကူးအုပ်စု

ရက်စွဲ - ၁၂.၁၂.၂၀၀၈

# ပင့်ကူအိမ်သုံးသပ်ခြင်း





ပါဝင်ဆွေးနွေးသူဦးရေ
ကျား (၁၅) ဦး
မ (၂၇) ဦး

ဒေါ်လျှားလီကျေးရွာ

ရက်စွဲ - ၁၂.၁၂.၂၀၁၆

# ကျေးရွာလူထုနှင့် အဖွဲ့အစည်းချိတ်ဆက်ပုံ




ပါဝင်ဆွေးနွေးသူဦးရေ

ကျား (၁၅) ဦး

မ (၂၇) ဦး

## ဒေါဘူးကူးကျေးရွာအုပ်စု၊ ဒေါလျားလီကျေးရွာ

၁၂.၁၂.၂၀၁၆

**ကျေးရွာလူထုနှင့်အဖွဲ့အစည်း ချိတ်ဆက်မှုကို သုံးသပ်ခြင်း။**

ဒေါလျားလီကျေးရွာသူ/သားများ ဖော်ထုတ်ချက်အရ ကျေးရွာတွင်း အဖွဲ့အစည်းများအဖြစ် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ လူငယ်ယဉ်ကျေးမှုအဖွဲ့၊ ကျောင်းကော်မတီ၊ ကယားစာပေနှင့်ဓမ္မစကြာ အဖွဲ့တို့သည် ကျေးရွာ၌ ဩဇာလွှမ်းမိုးမှုရှိကြသည်ဟု ဖော်ပြထားပါသည်။ မိခင်များအဖွဲ့၊ မော်မိုး ကော်မတီအဖွဲ့သည် အထိုက်အလျောက်ဩဇာရှိပြီး မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာအဖွဲ့တို့သည် လည်း ဖွဲ့စည်းထားသည်ကို တွေ့ရှိရသည်။ ကျေးရွာပြင်ပအဖွဲ့အစည်းအနေဖြင့် ACF ကို ဖော်ပြ ထားသော်လည်း လက်ရှိတွင် လှုပ်ရှားဆောင်ရွက်မှု မရှိတော့ဟု သိရှိရသည်။ လူထုဗဟိုပြုစီမံကိန်း တစ်ခုသာ ကျန်ရှိသည်ကို တွေ့ရသည်။

လက်ရှိတွင် ဒေါလျားလီကျေးရွာ၌ ပြင်ပအဖွဲ့အစည်းနှင့် ချိတ်ဆက်မှုအဖြစ် လူထုဗဟိုပြု စီမံကိန်းသာရှိ၍ ကျေးရွာတွင်းအဖွဲ့အစည်းအနေဖြင့်လည်း အုပ်စုတွင် အခြားကျေးရွာများထက် နည်းသေးသည်ကို တွေ့ရသည်။ ကျေးရွာဖွံ့ဖြိုးရေးအတွက် ကျေးရွာတွင်း ဖွဲ့စည်းနိုင်ရန်လိုအပ်သကဲ့ သို့ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုအားကောင်းရန် လိုအပ်သည်ဟု သုံးသပ်ရရှိပါသည်။

ထို့ကြောင့် ဒေါလျားလီကျေးရွာဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြင်ပအဖွဲ့အစည်းများနှင့် ချိတ် ဆက်မှုအားကောင်းရန် ကူညီပံ့ပိုးပေးရန် လိုအပ်လျက်ရှိပြီး ကျေးရွာတွင်းဖွဲ့စည်းမှုအားကောင်းရန် လည်း ကူညီအားပေးရန် လိုအပ်လျက်ရှိသည်ဟု သုံးသပ်တင်ပြအပ်ပါသည်။

**ပါဝင်ဆွေးနွေးသူ ကျား (၁၅) ဦး၊ မ (၂၇) ဦး**

ဒေါ်လှုံးလိုက်ကျေးရွာ၊ ဒေါ်ကူးကူးအုပ်စု

ရက်စွဲ – ၁၂.၁၂.၂၀၁၆

# ရာသီဥတုပြက္ခဒိန်ဇယား




ပါဝင်ဆွေးနွေးသူ – ကျား(၁၅)၊ မ(၂၇)

## ဒေါဘူးကူးကျေးရွာအုပ်စု၊ ဒေါလျားလီကျေးရွာ

၁၂.၁၂.၂၀၁၆

**ကျား-မ ရေးရာကဏ္ဍအပေါ်သုံးသပ်ချက်။**

ဒေါလျားလီကျေးရွာ၏ ကျား-မကဏ္ဍ ပင့်ကူအိမ်သုံးသပ်ချက်ကို ကျေးရွာမှ တက်ရောက်လာသော အမျိုးသမီးအုပ်စုက စတင်ရေးဆွဲသုံးသပ်ရာတွင် အဓိကအချက်များအဖြစ် ပညာရေးတွင် အဆင့်(၁၀)၊ အလုပ်အကိုင်အခွင့်အလမ်းတွင် အဆင့်(၆)၊ အမွေရပိုင်ခွင့်တွင် အဆင့်(၂)၊ လုပ်အားခ တွင် အဆင့် (၅)၊ ဆုံးဖြတ်ပိုင်ခွင့်တွင် အဆင့်(၂)၊ အခွင့်အရေးရပိုင်ခွင့်တွင် အဆင့် (၃)၊ လုံခြုံမှုတွင် အဆင့်(၁)၊ ဦးဆောင်ခွင့်တွင် အဆင့်(၃) နေရာအသီးသီးရှိသည်ဟု ဖော်ထုတ်သတ်မှတ်ကြပါသည်။

ဆက်လက်၍ အမျိုးသမီးအုပ်စုမှ ရေးဆွဲသတ်မှတ်ချက်အပေါ် အမျိုးသားအုပ်စုက သတ်မှတ်ရာတွင် ပညာရေး၌ အဆင့်(၅)၊ အလုပ်အကိုင်အခွင့်အလမ်းတွင် အဆင့်(၁)၊ အမွေရပိုင်ခွင့်တွင် အဆင့်(၆)၊ လုပ်အားခ တွင် အဆင့် (၄)၊ ဆုံးဖြတ်ပိုင်ခွင့်တွင် အဆင့်(၉)၊ အခွင့်အရေးရပိုင်ခွင့်တွင် အဆင့် (၂)၊ လုံခြုံမှုတွင် အဆင့်(၄)၊ ဦးဆောင်ခွင့်တွင် အဆင့်(၁၀) ရှိကြောင်း ဖော်ထုတ်သတ်မှတ်ကြပါသည်။

ဒေါလျားလီကျေးရွာ၏ ထူးခြားချက်မှာ လုပ်အားခတွင် အမျိုးသမီးက အမျိုးသားထက်ပိုမိုရရှိသည့်အပြင် ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် အခွင့်အရေးရပိုင်ခွင့်များတွင်လည်း အမျိုးသားများထက် သာလွန်နေခြင်းဖြစ်ပါသည်။ သို့ရာတွင် အမွေရပိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်နှင့် ဦးဆောင်ခွင့်တွင် အမျိုးသားများထက်များစွာ အားနည်းနေသေးသည်ကို တွေ့ရှိရသည်။ သို့ဖြစ်၍ ဒေါလျားလီကျေးရွာတွင် ကျား-မ ရေးရာ၌ များစွာကွာဟချက်ကြီးမားနေသေးသည်ဟု သုံးသပ်ရရှိပါသည်။ လူထုဗဟိုပြုစီမံကိန်းအနေဖြင့် ကျား-မရေးရာကို အလေးထားသည့်အားလျော်စွာ တစ်နှစ်ထက်တစ်နှစ် ကျား-မရေးရာကွာဟချက်ကို ပိုမိုလျော့ကျ၍ မျှတမှုအနီးစပ်ဆုံး ဖြစ်လာရန် ဆက်လက်အကောင်အထည်ဖော်သွားရန် လိုအပ်သည်ဟု သုံးသပ်တင်ပြအပ်ပါသည်။

**ပါဝင်ဆွေးနွေးသူ ကျား (၁၅) ဦး၊ မ (၂၇) ဦး**

## ဒေါဘူးကူးကျေးရွာအုပ်စု၊ ဒေါလျားလီကျေးရွာ

၁၂.၁၂.၂၀၁၆

### ရာသီခွင်ပြ ပြက္ခဒိန်အပေါ်သုံးသပ်ချက်

ဒေါလျားလီကျေးရွာ၏ တစ်နှစ်တာကာလ ရာသီခွင်ပြ ပြက္ခဒိန်ကို လေ့လာရာတွင် လုပ်ငန်းအကြောင်းအရာများအဖြစ် စိုက်ပျိုး/ရိတ်သိမ်းချိန်၊ အလုပ်များချိန်၊ ပွဲလမ်းသဘင်၊ အစာရေစာရှားပါးချိန်၊ ရောဂါပေါ်များချိန်၊ မိုးများသောအချိန်၊ ပြင်ပအလုပ်ထွက်ချိန်နှင့် လမ်းပန်းဆက်သွယ်ရေးအခြေအနေများကို ဖော်ထုတ်ကြပါသည်။ စိုက်ပျိုး/ရိတ်သိမ်းချိန်နှင့် အလုပ်များချိန်တို့မှာ သဘာဝအားဖြင့် တူညီကြပြီး တောင်သူလယ်သမားမစုဖြစ်ကြသည်နှင့်အညီ ဧပြီလမှနိုဝင်ဘာလအထိ ရေးဆွဲထားပါသည်။ ပွဲလမ်းသဘင်အဖြစ် တံခွန်တိုင်ပွဲတော်၊ ဒီးကူပွဲတော်၊ သီတင်းကျွတ်ပွဲတော် စသော ရိုးရာပွဲတော်ကျင်းပလေ့ရှိသည်ကို တွေ့ရသည်။

ဒေါလျားလီကျေးရွာ၏ ထူးခြားမှုမှာ ဇန်နဝါရီလမှ မတ်လအထိ ရေရှားပါးမှုဖြစ်ပြီး ဧပြီလမှ စက်တင်ဘာလအထိ အစာ(ဝမ်းစာ)ရှားပါးပြီး ဝမ်းစာဖူလုံချိန်အဖြစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိသာဖော်ပြထားခြင်းဖြစ်ပါသည်။ ရောဂါဖြစ်ပွားမှုမှာ ဇန်နဝါရီ၊ မတ်၊ မေ၊ ဇွန်လနှင့် နိုဝင်ဘာလများဟု ဖော်ပြထားသဖြင့် ရောဂါဖြစ်ပွားမှုများသည်ကိုလည်း တွေ့ရှိရသည်။ မိုးများသော ကာလအဖြစ် ဇွန်လမှ အောက်တိုဘာလအထိဖြစ်ပြီး ထိုအချိန်တွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲချိန်အဖြစ်လည်း ဖော်ပြထားပါသည်။ ပြင်ပအလုပ်ထွက်ချိန်မှာ နိုဝင်ဘာလမှ ဇန်နဝါရီလအထိ ဖြစ်သည်။

ဒေါလျားလီကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်ဖော်ပြချက်အရ ကျေးရွာတွင် အစာရေစာရှားပါးခြင်း၊ ရောဂါဖြစ်ပွားခြင်းနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းတို့မှာ ကျေးရွာသူ/သားများ ရင်ဆိုင်ကြုံတွေ့ရသော အခက်အခဲများဖြစ်၍ ဒေါလျားလီကျေးရွာအတွက် စိုက်ပျိုးမွေးမြူရေး၊ ကျန်းမာရေးအသိပညာများပေးရန်နှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတိုးမြှင့်ဆောင်ရွက်ပေးရန် လိုအပ်သည်ဟု သုံးသပ်ရရှိပါသည်။

**ပါဝင်ဆွေးနွေးသူ ကျား (၁၅) ဦး၊ မ (၂၇) ဦး**

ဒေါ်လျားလီ ကျေးရွာ ကော်မတီဝင်



## ကော်မတီစာရင်း

မြို့နယ် - **ဒီးမော့ဆို** ကျေးရွာအုပ်စု - **ဒေါဘူးကူး** ကျေးရွာ - **ဒေါလျားလီ**

| စဉ် | အမည် | ရာထူး | မှတ်ပုံတင်အမှတ် | ပညာအရည်အချင်း | အသက် | လက်မှတ် | ကော်မတီအမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | ဦးညားရယ် | ဥက္ကဋ္ဌ | ၂/ဒမဆ(နိုင်)၀၄၂၇၅၈ | (၁၀)တန်း | ၂၇ | | စီထောက် |
| ၂။ | ဒေါ်ဖရေးမြာ | ။ | ၂/ဒမဆ(နိုင်)၀၃၉၉၂၁ | (၁၀)တန်း | ၂၉ | | |
| ၃။ | ဦးငါးရယ် | ခေါင်းဆောင် | ၂/ဒမဆ(နိုင်)၀၄၅၆၃၉ | (၄)တန်း | ၃၂ | | စောင့်ကြည့်ကြီးကြပ်ရေး |
| ၄။ | ဒေါ်ရှားမြာ | အဖွဲ့ဝင် | ၂/ဒမဆ(နိုင်)၀၃၁၄၁၂ | (၆)တန်း | ၃၃ | | |
| ၅။ | ဦးဖျားရယ် | ။ | ၂/ဒမဆ(နိုင်)၀၆၂၈၀၃ | (၁၀)တန်း | ၂၀ | | |
| ၆။ | ဒေါ်နိုမြာ | ခေါင်းဆောင် | ၂/ဒမဆ(နိုင်)၀၀၆၀၈၀ | (၅)တန်း | ၄၇ | | လည့်ပတ်ထိန်းသိမ်း |
| ၇။ | ဦးဆော်ရယ် | အဖွဲ့ဝင် | ၂/ဒမဆ(နိုင်)၀၅၂၇၂၉ | (၆)တန်း | ၂၄ | | |
| ၈။ | ဒေါ်ဗျားမြာ | ။ | ၂/ဒမဆ(နိုင်)၀၆၈၀၄၄ | (၈)တန်း | ၂၆ | | |
| ၉။ | ဒေါ်ကေးမြာ | ခေါင်းဆောင် | ၂/ဒမဆ(နိုင်)၀၄၉၉၃၀ | (၉)တန်း | ၂၅ | | ဝယ်ယူရေး |
| ၁၀။ | ဦးဗျားရယ် | အဖွဲ့ဝင် | ၂/ဒမဆ(နိုင်)၀၆၃၆၆၇ | (၁၀)တန်း | ၂၀ | | |
| ၁၁။ | ဒေါ်စဲမြာ | ။ | ၂/ဒမဆ(နိုင်)၀၀၅၂၇၈ | (၈)တန်း | ၂၅ | | |
| ၁၂။ | ဒေါ်သူးမြာ | စာရင်းကိုင် | ၂/ဒမဆ(နိုင်)၀၂၆၆၆၃ | (၁၀)တန်း | ၃၈ | | စာရင်းကိုင် |
| ၁၃။ | ဦးမြာရယ် | အဖွဲ့ဝင် | ၂/ဒမဆ(နိုင်)၀၀၆၀၂၉ | (၆)တန်း | ၄၆ | | အကြံပြု |
| ၁၄။ | ဒေါ်ဋွေးမြာ | ။ | ၂/ဒမဆ(နိုင်)၀၄၅၈၇၅ | (၉)တန်း | ၃၃ | | |
| ၁၅။ | ဦးထျာရှ | စေတနာ | ၂/ဒမဆ(နိုင်)၀၄၉၉၅၅ | (၁၀)တန်း | ၂၀ | | စေတနာ |
| ၁၆။ | ဒေါ်ဦးမြာ | ။ | ၂/ဒမဆ(နိုင်)၀၃၇၈၅၃ | (၁၀)တန်း | ၃၁ | | |






Myanmar

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| *လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေးမြန်းရမည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။* |

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးဆိုင်ရယ် | ၀၉ - ၇၈၇၂၉၁၄၀၉ | ဦးဆိုင်ရယ် |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ကယား | ဒီးမော့ဆို | ဒေါ်ကျုံကူး | ဒေါ်လျှားလီ |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယား | ၅၂ | ဘာသာ (၁) ဗုဒ္ဓ | ၅၂ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစု (၄) ------------ | | | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | မ - ၁ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား - ၃ | မ - ၄ | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ကယား | ၁၁၂ | ၁၀၇ |
| လူမျိုးစု (၂) ------------ | | |
| လူမျိုးစု (၃) ------------ | | |
| လူမျိုးစု (၄) ------------ | | |
| လူမျိုးစု (၅) ------------ | | |
| အိမ်ထောင်ဦးစီး | ၃၄ | ၈ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် ဓာတ်ခွန်တိုင် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား ရှင်ဝန်ဆောင် | ☑ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | (ကတ္တရာလမ်း) | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လှသွားလမ်း | အခြား ____________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဖေဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ဝိုင်းပါ — ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် [illegible] /မသိပါ

(၃) ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင် [illegible] /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် [illegible] ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ----------------

မိုးရာသီတွင်ကြာချိန် [illegible] ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ----------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ [illegible]

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဖေဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) [illegible]

(၂) [illegible]

ကျေးရွာခေါင်းဆောင် အမည် [illegible]

လက်မှတ် [signature] နေ့စွဲ

လူထုစည်းရုံးရေးမှူး အမည် [illegible]

လက်မှတ် [signature] နေ့စွဲ ၁၃-၁၂-၂၀၁၆

/



*ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)*

| |
|---|
| *လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။* |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးအိုးရယ် |
| နေ့စွဲ ၁၃.၁၂.၂၀၁၆ — စက်ဝန်းအားအမှတ်ခြစ်ပါ ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း (၄) |
| ပြည်နယ်/တိုင်း ကယား — မြို့နယ် ဒီမော့ဆို — ကျေးရွာအုပ်စု ဒေါ်အုံးကျူ — ကျေးရွာ ဒေါ်လျားလီ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၂.၁၂.၁၆ | ၁၂.၁၂.၁၆ | ၁၅ | ၂၈ | ၃၈ | ၄၃ ကယား |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၃.၁၂.၁၆ | ၁၃.၁၂.၁၆ | ၁၆ | ၂၂ | ၃၀ | ၃၈ ကယား |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၃၀.၁၂.၁၆ | ၃၀.၁၂.၁၆ | ၁၂ | ၁၃ | ၂၅ | ၁၇ ကယား<br>၈ ကယန်း |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၂၅.၁.၁၇ | ၂၅.၁.၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည် ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၂၂.၂.၁၇ | ၂၂.၂.၁၇ | ၁၅ | ၁၇ | ၃၂ | ၃၂ ကယား |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၃.၂.၁၇ | ၂၃.၂.၁၇ | ၆ | ၇ | ၁၃ | ၁၃ | ကယား |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | ၂၃.၂.၁၇ | ၂၃.၂.၁၇ | ၆ | ၇ | ၁၃ | ၁၃ | ကယား |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၂၃.၂.၁၇ | ၂၃.၂.၁၇ | ၆ | ၇ | ၁၃ | ၁၃ | ကယား |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၂၃.၂.၁၇ | ၂၃.၂.၁၇ | ၆ | ၇ | ၁၃ | ၁၃ | ကယား |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၂၃.၂.၁၇ | ၂၃.၂.၁၇ | ၆ | ၇ | ၁၃ | ၁၃ | ကယား |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | | |
|---|---|---|---|---|
| *လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။* | | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဦးဇော်ဉာဏ် | | | |
| နေ့စွဲ ၁၃.၁၂.၂၀၁၆ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု ဒေါပလော | ကျေးရွာ ဒေါ်လျှာလီ | |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ကျေးရွာလမ်းကြမ်းခင်းမပြုလုပ်ရခြင်း | ၁ | စားဝတ်နေရေး အခက်အခဲ |
| ၂ | ရေကောင်း ရေသန့်ပါးရမှုအနည်းငယ် ခက်ခဲသော အခက်အခဲ | ၂ | ရွာကျောင်း လမ်းကောင်းစွာ သွားလာရေး ခက်ခဲ |
| ၃ | | ၃ | မူကြိုကျောင်း စာသင်မရှိခြင်း |
| ၄ | | ၄ | လျှပ်စစ်မီးမရှိ၍ အခက်အခဲဖြစ်ခြင်း |
| ၅ | | ၅ | စာသင်ကျောင်း ကုန်ခန်းမရှိခြင်း |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလိုရာအချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကားလမ်းကောင်း မှန်မှန်သွားနိုင်ရန် | ၁ | စာသင်ကျောင်းခန်း ပြုပြင်ရန် မျှော်မှန်းသည် |
| ၂ | လျှပ်စစ်မီးရရှိသော ကျေးရွာဖြစ်ချင်သည် | ၂ | လျှပ်စစ်မီးရသော ခန်းမဆောင် ဖြစ်ချင်သည် |
| ၃ | ကျောက်ချောလမ်းများ ခင်းရန် | ၃ | ရေကောင်းရေသန့် ရနိုင်မည် |
| ၄ | ဆေးခန်း ဆောက်လုပ်ရန် | ၄ | ကားလမ်းကောင်း မှန်မှန်သွားနိုင်မည် |
| ၅ | လျှပ်စစ်မီး ရရှိနိုင်မည် | ၅ | မူကြိုကျောင်း စာသင်ဆောင် ဆောက်လုပ်ရန် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | လျှပ်စစ်မီးရရှိခြင်း | အမျိုးသား+အမျိုးသမီး | | ၂၁၀ |
| ၂ | စာသင်ကျောင်း ပြုပြင်ခြင်း | အမျိုးသား+အမျိုးသမီး | | ၁၈ |
| ၃ | မူကြို ဆောက်လုပ်ခြင်း | အမျိုးသား+အမျိုးသမီး | | ၂၁၀ |
| ၄ | ကျောက်ချောလမ်း | အမျိုးသား+အမျိုးသမီး | | ၂၁၀ |
| ၅ | ရေကောင်းရေသန့် | အမျိုးသား+အမျိုးသမီး | | ၂၁၀ |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | [illegible] | အမျိုးသား+အမျိုးသမီး | [illegible] |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |
| ၇ | | | |
| ၈ | | | |
| ၉ | | | |
| ၁၀ | | | |
| ၁၁ | | | |
| ၁၂ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ကော်မီတီမှ အတည်ပြုသည်။

အမည် ဦး [illegible] လက်မှတ် [illegible] နေ့စွဲ ၁၃ · ၁၂ · ၂၀၁၆

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

အနှစ်ချုပ်

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | မြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | [illegible] ခြင်း | ☑ မ ☑ ကျား | | |
| | ၂ | [illegible] ကျောင်း ဆောက်လုပ်ခြင်း | ☑ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စီးပွားရေး | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ပညာရေး | ၁ | စာသင်ကျောင်း ပြုပြင်ခြင်း | ☑ မ ☑ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| အခြား | ၁ | ဘုံကျင်[illegible] | ☑ မ<br>☑ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |

# ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

***လမ်းညွှန်ချက်။*** *စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။*

| | | | |
|---|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် | ဦးဘိုးရယ် | | |
| နေ့စွဲ | ၁၂.၁.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု | ဒေါ်ကျုံးကျူး |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ဒေါ်ကျုံးကျူး | ကျေးရွာလမ်း မြေဆောင်မြှင့် ကျိုးချို့ခြင်း | ၆၅၀၀'x၂၇' x၁၂' | ၃၂၈ | ☐ ကျား ☐ မ ☑ ကျား+ မ | ၁၀၅သိန်း ၆သောင်း | - | - | | ၁၀၅သိန်း ၆သောင်း |
| ဒေါ်ကျုံးဆို | ကျောက်ချော လမ်း | ၁၂၂၅'x၁၀' x၉" | ၂၇၇ | ☐ ကျား ☐ မ ☑ ကျား+ မ | ၁၀၅သိန်း ၆သောင်း | - | - | | ၁၀၅သိန်း ၆သောင်း |
| ဒေါ်လျှုံးကမိ | ကျေးရွာလမ်း မြေဆောင် ကျိုးချို့ခြင်း | ၂၇'x၂၀' x၁၂' | ၂၁၉ | ☐ ကျား ☐ မ ☑ ကျား+ မ | ၃၃သိန်း | - | - | | ၃၃သိန်း |
| | | | | ☐ ကျား ☐ မ ☐ ကျား+ မ | | | | | |
| | | | | ☐ ကျား ☐ မ ☐ ကျား+ မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် - ဒေါ်ကပသားမေ လက်မှတ် - [signature] ရက်စွဲ ၁၂.၁.၂၀၁၇

ဦးကောရင် [signature] ၁၂.၁.၂၀၁၇

## ပထမအကြိမ်ကျေးရွာအစည်းအဝေးမှတ်တမ်း

| | | |
|---|---|---|
| အစည်းအဝေးကျင်းပသည့်ကျေးရွာ၊ ကျေးရွာအုပ်စု | - | **ဒေါလျားလီကျေးရွာ၊ ဒေါဘူးကူးအုပ်စု** |
| အစည်းအဝေးကျင်းပသည့်နေရာ | - | **ကျေးရွာခန်းမဆောင်** |
| အစည်းအဝေးကျင်းပသည့်အချိန် | - | **နံနက် (၀၉:၀၀) နာရီ** |
| အစည်းအဝေးကျင်းပသည့်နေ့ရက် | - | **၁၂.၁၂.၂၀၁၆** |
| အစည်းအဝေးတက်ရောက်သူဦးရေ | - | **ကျား(၁၅)ဦး၊ မ (၂၈)ဦး** |

ပထမအကြိမ်ကျေးရွာအစည်းအဝေးကို နံနက် (၀၉:၀၀) နာရီတွင် စတင်သည်။ အစည်းအဝေးတက်ရောက်သူများစာရင်းကောက်ယူခြင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ လူထုစည်းရုံးရေးမှူး၊ ကျေးရွာ ရွာမိ/ရွာဖများနှင့် မိတ်ဆက်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားပါသည်။ ထို့နောက် လူထုစည်းရုံးရေးမှူးမှ စီမံကိန်းအကြောင်း မိတ်ဆက်ခြင်း၊ စီမံကိန်းစက်ဝန်း၊ အဓိကတာဝန်ရှိသူများနှင့် တာဝန်များကိုရှင်းပြသည်။ စေတနာ့ဝန်ထမ်းများ၏ တာဝန်ဝတ္တရားများကို ရှင်းပြပြီး စေတနာ့ဝန်ထမ်းပြောင်းလဲလိုသောကျေးရွာတွင် တက်ရောက်လာသော ကျေးရွာလူထုအား ပြန်လည်ရွေးချယ်စေပါသည်။

ဆက်လက်၍ လူထုစည်းရုံးရေးမှူးမှ ဒုတိယနှစ်စီမံကိန်းအတွက် ပြုလုပ်မည့် လူမှုဆန်းစစ်ချက်တစ်ခုချင်းစီ၏ ရည်ရွယ်ချက်ကို ရှင်းပြပြီးတက်ရောက်လာသော ကျေးရွာလူထုအား အုပ်စုဖွဲ့၍ ဆွေးနွေးစေကာ လူထုစည်းရုံးရေးမှူးမှ ပံ့ပိုးကူညီပေးပါသည်။ ကျေးရွာမြေပုံရေးဆွဲခြင်း၊ ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း၊ ရာသီခွင်ပြ ပြက္ခဒိန်၊ ကျား-မရေးရာသုံးစွဲမှု၊ ထိန်းချုပ်မှု၊ ပင့်ကူအိမ်သုံးသပ်ခြင်း၊ ကျေးရွာလူထုနှင့် အဖွဲ့အစည်းများချိတ်ဆက်မှုအခြေအနေသုံးသပ်ခြင်းတို့ကို ဆောင်ရွက်ကြပါသည်။ ထို့နောက်ကျေးရွာလူထုမှ ဆွေးနွေးဖော်ထုတ်ရရှိသော လူမှုဆန်းစစ်ချက်များကို ကိုယ်စားလှယ်တစ်ဦးစီမှ ပြန်လည်ဆွေးနွေးပြီး လူထုစည်းရုံးရေးမှူးက အနှစ်ချုပ်သုံးသပ်ပေးပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးမှ နိဂုံးချုပ်စကားပြောကြားကာ အစည်းအဝေးကိုမွန်းလွဲ (၁၃:၃၀) အချိန်တွင် ရုတ်သိမ်းခဲ့ပါသည်။

## ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးမှတ်တမ်း

| | | |
|---|---|---|
| အစည်းအဝေးကျင်းပသည့်ကျေးရွာ၊ ကျေးရွာအုပ်စု | - | **ဒေါလျားလီကျေးရွာ၊ ဒေါဘူးကူးအုပ်စု** |
| အစည်းအဝေးကျင်းပသည့်နေရာ | - | **ကျေးရွာခန်းမဆောင်** |
| အစည်းအဝေးကျင်းပသည့်အချိန် | - | **နံနက် (၉:၀၀) နာရီ** |
| အစည်းအဝေးကျင်းပသည့်နေ့ရက် | - | **၁၃.၁၂.၂၀၁၆** |
| အစည်းအဝေးတက်ရောက်သူဦးရေ | - | **ကျား(၁၆)ဦး၊ မ (၂၂)ဦး** |

ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို နံနက်(၀၉:၀၀)နာရီတွင် စတင်ပါသည်။ တက်ရောက်သူစာရင်းကောက်ယူခြင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားပြီး လူထုစည်းရုံးရေးမှူးမှ အစီအစဉ်များကို ရှင်းပြပါသည်။ ဆက်လက်၍ အစည်းအဝေးတက်ရောက်လာသောကျေးရွာလူထုများမှ အမျိုးသား/အမျိုးသမီးအလိုက် တွေ့ကြုံရသော အခက်အခဲများ၊ ပြဿနာများကို ဖော်ထုတ်ခြင်း၊ မျှော်မှန်းချက်များ ရေးဆွဲခြင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ရေးဆွဲခြင်းများ ဆောင်ရွက်ကြရာ လူထုစည်းရုံးရေးမှူးက ပံ့ပိုးကူညီပေးပါသည်။

ထို့နောက်လူထုစည်းရုံးရေးမှူးက စီမံကိန်းဆိုင်ရာ လူမှုပတ်ဝန်းကျင်အကာအကွယ်များ၊ အကျုံးဝင်/မဝင် လုပ်ငန်းခွဲများကို ရှင်းပြပြီး ကျေးရွာ၏ ဦးစားပေးလုပ်ငန်းများကို မဲမေးရွေးချယ်ကြပါသည်။ ဆက်လက်၍ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၏ တာဝန်ဝတ္တရားများ ရှင်းပြပြီး ပြောင်းလဲလိုသော ကော်မတီအစား ပြန်လည်ရွေးချယ်ခြင်းကို ကျေးရွာလူထုက ရွေးချယ်ပေးပါသည်။ လူထုစည်းရုံးရေးမှူးမှ ဝေဖန်အကြံပြုတိုင်ကြားမှုစနစ်နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်း၊ ကော်မတီဝင်များ၏ ကျင့်ဝတ်များရှင်းပြခြင်း COC လက်မှတ်ရေးထိုးစေခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ပုံစံ ရှင်းပြပါသည်။ ထို့နောက် စုပေါင်းမှတ်တမ်းဓါတ်ပုံရိုက်ကူးပြီး ကျေးရွာအုပ်ချုပ်ရေးမှူးမှ နိဂုံးချုပ်စကားပြောကြားကာ အစည်းအဝေးကို မွန်းလွဲ (၁၃:၀၀) နာရီတွင် ရုတ်သိမ်းခဲ့ပါသည်။

# လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်အုပ်စု | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပေါင်း | |
| ၁။ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ (Social Map/ Resource Map) | ၁၂.၁၂.၂၀၁၅ | ရပ်မိရပ်ဖ၊ ကော်မတီ၊ ကျေးရွာလူထု များ အားလုံး | ၁၅ | ၂၈ | ၄၃ | အိမ်ခြေ၊ အိမ်အမျိုးအစား၊ အခြေခံအဆောက်အဦများ၊လမ်းပန်းဆက်သွယ်ရေး၊လယ်ယာမြေ၊ ရေတွင်း/ကန်၊သစ်တော၊ ဆက်စပ်နယ်နမိတ်။ |
| ၂။ | ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | ၁၂.၁၂.၂၀၁၅ | ချမ်းသာ၊ အလယ်အလတ်၊ ဆင်းရဲ၊ ကျေးရွာလူထု အားလုံး | ၁၅ | ၂၈ | ၄၃ | ကျေးရွာလူမှုစီးပွားရေးကို အုပ်စုများဖြင့် သတ်မှတ်နိုင်ရန်အဆင့်၊ အခြေခံ စံနှုန်းကို လူထုကသဘော တူသတ်မှတ်၍ ရာခိုင်နှုန်း ဖော်ပြခြင်း။ |
| ၃။ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calendar) | ၁၂.၁၂.၂၀၁၅ | ကော်မတီဝင် များ၊ ကျေးရွာလူထု အမျိုးသမီး/သား အားလုံး | ၁၅ | ၂၈ | ၄၃ | စိုက်ပျိုး၊ရိတ်သိမ်းကာလ၊ ပွဲတော်ကာလ၊ ဖျားနာခြင်း၊ ပြင်ပအလုပ်ရှာခြင်း၊ ဝင်ငွေ၊ ထွက်ငွေ၊ ရေရှား၊ လမ်းပန်းအခြေအနေ၊ ရာသီဥတုအခြေအနေ။ |
| ၄။ | ပင့်ကူအိမ် ကွန်ယက် (Spider Web) | ၁၂.၁၂.၂၀၁၅ | အမျိုးသားများ နှင့် အမျိုးသမီး များ ကျေးရွာ လူထုအားလုံး | ၁၅ | ၂၈ | ၄၃ | အမျိုးသမီး/သားတန်းတူ အခွင့်အရေးနှင့် ကွာဟချက်(အမွေရရှိမှု၊ ပညာရေး၊ ကျန်းမာရေး၊ ဦးဆောင်မှု၊အလုပ်အကိုင် ဆုံးဖြတ်ချက်ချမှုများ။) |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်အုပ်စု | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပေါင်း | |
| ၅။ | ကျေးရွာလူထုနှင့် အဖွဲ့အစည်း ချိတ်ဆက်ပုံ (Venn Diagram) | ၂၀၁၄.၂.၄ | ကော်မတီဝင် ကျေးရွာလူထု အားလုံး | ၁၅ | ၂၈ | ၄၃ | ကျေးရွာတွင် အဖွဲ့အစည်းများ၊ ကျေးရွာပြင်ပအဖွဲ့အစည်းများ ချိတ်ဆက်မှုအနေအထား၊ သြဇာလွှမ်းမိုးမှုအခြေအနေ |
| ၆။ | အခက်အခဲ (Problem) | ၂၀၁၄.၂.၃ | အမျိုးသမီး၊ အမျိုးသား၊ ကျေးရွာ လူထုအားလုံး | ၁၆ | ၂၂ | ၃၈ | အမျိုးသမီးကြုံတွေ့ရသောအခက်အခဲ၊အတားအဆီးများ၊ အမျိုးသား အခက်အခဲ၊ အတားအဆီးများ။ |
| ၇။ | မျှော်မှန်းချက်များ (Vision) | ၂၀၁၄.၂.၃ | အမျိုးသမီး၊ အမျိုးသား၊ လူထုအားလုံး | ၁၆ | ၂၂ | ၃၈ | နောင်လာမည့် (၅)နှစ်အတွင်း မျှော်မှန်းချက်များ အမျိုးသမီး မျှော်မှန်းချက်၊ အမျိုးသားမျှော်မှန်းချက် |
| ၈။ | ကျေးရွာ၏ (၄)နှစ်စာဦးစားပေးအစီအစဉ်ပြဇယား (Matric Ranking) | ၂၀၁၄.၂.၃ | အမျိုးသမီး၊ အမျိုးသား၊ လူထုအားလုံး | ၁၆ | ၂၂ | ၃၈ | အမျိုးသမီးဦးစားပေး လုပ်ငန်း၊ အမျိုးသား ဦးစားပေးလုပ်ငန်းများ နှင့် အမျိုးသမီး+အမျိုးသားဦးစားပေးလုပ်ငန်းများ။ |
| ၉။ | ကျေးရွာသမိုင်း အကျဉ်းချုပ် (History) | ၂၀၁၄.၂.၃ | ရွာမိရွာဖ အုပ်ချုပ်ရေးအဖွဲ့ ကော်မတီ ကျေးရွာလူထု | ၁၆ | ၂၂ | ၃၈ | ကျေးရွာဆင်းသက်ပုံ၊ သက်တမ်း၊ ကြုံတွေ့ခဲ့ရသောဖြစ်စဉ်၊ဖြစ်ရပ်များ၊ ရိုးရာဓလေ့၊ ပြောင်းလဲတိုးတက်မှု အခြေအနေ။ |